THE WORLD BANK
IBRD • IDA | WORLD BANK GROUP

သတင်းထုတ်ပြန်ချက်

# *မြန်မာနိုင်ငံရှိ မိခင်နှင့် ကလေး သန်းပေါင်းများစွာ အကျိုးဖြစ်ထွန်းစေရန် ကမ္ဘာ့ဘဏ်က ကူညီသွားမည်*

**၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်၊ ဝါရှင်တန် ဒီစီ -** မြန်မာနိုင်ငံတွင် မိခင်၊ မွေးကင်းစနှင့် ကလေး ကျန်းမာရေး စောင့်ရှောက်မှု တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် ကမ္ဘာ့ဘဏ်အုပ်စု၏ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေး အသင်း (International Development Association) ချေးငွေ ဒေါ်လာသန်း ၁၀၀ ပေးအပ်သွားရန် ကမ္ဘာ့ဘဏ်၏ ဒါရိုက်တာ ဘုတ်အဖွဲ့က ယနေ့တွင် အတည်ပြုလိုက်သည်။

ယခု စီမံချက်ကြောင့် မြန်မာတစ်နိုင်ငံလုံးရှိ မြို့နယ် ၃၃၀ တွင် နေထိုင်လျက်ရှိသည့် ကိုယ်ဝန်ဆောင် မိခင်နှင့် ကလေး စုစုပေါင်း လေးသန်း အကျိုးဖြစ်ထွန်းစေမည် ဖြစ်သည်။ “မရှိမဖြစ် လိုအပ်သော ကျန်းမာရေး ဝန်ဆောင်မှုများ လက်လှမ်းမီ ရရှိရေး စီမံချက်”သည် အရည်အသွေးမြင့်မားသည့် ကျန်းမာရေး စောင့်ရှောက်မှုများ ပေးအပ်နိုင်ရန်အတွက် မရှိမဖြစ် လိုအပ်သော ကျန်းမာရေး ဝန်ဆောင်မှုများကို တိုးမြှင့်သွားနိုင် ရည်ရွယ်ပြီး မိခင်၊ မွေးကင်းစနှင့် ကလေး ကျန်းမာရေး စောင့်ရှောက်မှုကို အထူး အလေးပေး ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံ၏ ရေရှည် ရည်မှန်းချက်ဖြစ်သည့် လူတိုင်း လွှမ်းခြုံသော ကျန်းမာရေး စောင့်ရှောက်မှု (Universal Health Coverage) ရရှိရေးကို တစ်စထက် တစ်စ တက်လှမ်း ရောက်ရှိ နိုင်ရေးကို ဦးတည်ပါသည်။

“ပြည်သူတွေကို အရည်အသွေးမြင့်မားတဲ့ ကျန်းမာရေး စောင့်ရှောက်မှုတွေပေးနိုင်ဖို့ဆိုတာ မြန်မာနိုင်ငံအစိုးရရဲ့ အဓိက ဦးစားပေး လုပ်ငန်းတစ်ခု ဖြစ်ပါတယ်။ ကမ္ဘာ့ဘဏ်ရဲ့ ပံ့ပိုးကူညီမှုနဲ့ ဆောင်ရွက်မယ့် ယခု စီမံချက်က မိခင်တွေနဲ့ ကလေးငယ်တွေအတွက် ပိုမို အရည်အသွေးကောင်းမွန်တဲ့ ကျန်းမာရေး စောင့်ရှောက်မှုတွေ ရရှိနိုင်မယ်လို့ ယုံကြည်ပါတယ်။ ဆက်လက်ပြီးတော့လည်း မြန်မာနိုင်ငံရဲ့ ရည်မှန်းချက်တစ်ခုဖြစ်တဲ့ လူတိုင်း လွှမ်းခြုံသော ကျန်းမာရေး စောင့်ရှောက်မှု (Universal Health Coverage) ကို ရောက်ရှိနိုင်ဖို့ကိုလည်း အထောက်အကူဖြစ်စေမှာ ဖြစ်ပါတယ်” ဟု ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သိန်းသိန်းဌေးက ပြောသည်။

ယခု စီမံချက်သည် မိခင်နှင့် ကလေး ကျန်းမာရေး စောင့်ရှောက်မှုများ ပိုမို ရရှိနိုင်စေရန် လည်းကောင်း၊ အရည်အသွေး ပိုမို ကောင်းမွန်လာစေရန် လည်းကောင်း နှစ်မျိုးစလုံးတွင် ဦးတည် ဆောင်ရွက်သွားမည် ဖြစ်သည်။ အားလုံးပါဝင်သော စီမံချက် ရေးဆွဲ ချမှတ်ခြင်း၊ အရင်းအမြစ်များကို စီမံခန့်ခွဲခြင်း စသည့် ကဏ္ဍများတွင် ရပ်ရွာလူထု၏ စွမ်းဆောင်ရည်များ တိုးတက် ကောင်းမွန် လာစေခြင်းဖြင့် ရပ်ရွာ အသိုင်းအဝိုင်းက လုပ်ငန်းများကို ပိုမို ကြီးကြပ်ဆောင်ရွက်လာနိုင်မည်ဖြစ်ပြီး ကျန်းမာရေး လုပ်သားများ အတွက်လည်း အကျိုး ရှိစေနိုင်မည်ဖြစ်သည်။ ဆေးပစ္စည်းများ၊ ၎င်းတို့အား ထိန်းသိမ်းစောင့်ရှောက်မှုနှင့် ပြုပြင် စရိတ်များ၊ လူနာ လွှဲပြောင်း ပေးခြင်းများနှင့် ရပ်ရွာလူထု ပါဝင်မှု မြှင့်တင်ဆောင်ရွက်ခြင်းများ စသည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်း လည်ပတ် ဆောင်ရွက်မှုတွင် အဓိက ကျသည့် အသုံးစရိတ်များကို ကာမိစေရန် ရန်ပုံငွေများကို အသုံးပြုနိုင်မည်ဖြစ်သည်။

“မိခင်နဲ့ ကလေး ကျန်းမာရေး စောင့်ရှောက်မှုတွေမှာ ငွေကြေးသုံးစွဲတာဟာ နိုင်ငံရဲ့ အနာဂတ်အတွက် ကြီးကြီး မားမား ရင်းနှီး မြှုပ်နှံ ဆောင်ရွက်တာပဲ ဖြစ်တယ်။ တစ်နိုင်ငံလုံးမှာ ရှိတဲ့ ပြည်သူတွေအတွက် ပိုမိုကောင်းမွန်တဲ့ ကျန်းမာရေး စောင့်ရှောက်မှုတွေ ပေးနိုင်ဖို့ ယခု စီမံချက်က အောက်ခြေအဆင့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းတွေမှာ ငွေကြေးတွေ ပိုမို သုံးစွဲလာနိုင်အောင် ကူညီ ပေးနိုင်ပါလိမ့်မယ်။ ပြည်သူကို ဗဟိုပြုတဲ့ ဖွံ့ဖြိုးတိုးတက်ရေး ဆိုတဲ့ အယူအဆအပေါ်မှာ အခြေခံပြီး ဆောင်ရွက်နေတဲ့ လုပ်ငန်းတွေထဲက တစ်ခုဖြစ်တဲ့ မြန်မာ နိုင်ငံရဲ့ ယခု စီမံချက်ကို ကူညီဆောင်ရွက်နိုင်တဲ့အတွက် ကမ္ဘာ့ဘဏ်အနေနဲ့ အထူးပင် ဝမ်းမြောက်ရပါတယ်” ဟု ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေ ကိုယ်စားလှယ် မစ္စတာ အဗ္ဗဒူလာရေဆက် ကပြောသည်။

ယခု ခွင့်ပြုလိုက်သည့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအသင်း (International Development Association) ချေးငွေ ဒေါ်လာ သန်း ၁၀၀ သည် မြန်မာနိုင်ငံတွင် ကမ္ဘာ့ဘဏ်အုပ်စုက အလျင်အမြန်တိုးချဲ့နေသည့် ဆောင်ရွက်မှုများအနက် တစ်ခု ဖြစ်ပါသည်။ ဖွံ့ဖြိုးရေး မိတ်ဖက်များနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ကမ္ဘာ့ဘဏ်အုပ်စုသည် “မြန်မာနိုင်ငံဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှု မူဘောင်” အသစ်တစ်ခုကို ဖွံ့ဖြိုးရေး မိတ်ဖက်များနှင့် နီးကပ်စွာ ပူးပေါင်း ဆောင်ရွက်လျက်ရှိပြီး စတင် ရေးဆွဲ

လျက်ရှိသည်။ အဆိုပါ မူဘောင်သည် မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို အရှိန်မြှင့်တင်သွားနိုင်ရန် ရည်ရွယ်ပါသည်။ ယခုနှစ် ဇန်နဝါရီလက မြန်မာနိုင်ငံသို့ လာရောက်စဉ်က ကမ္ဘာ့ဘဏ်အုပ်စု၏ ဥက္ကဋ္ဌ ဂျင်ယုံကမ် အသိပေး ပြောကြားခဲ့သည့် အမေရိကန်ဒေါ်လာသန်းနှစ်ထောင် နှင့် ညီမျှသည့် မြန်မာနိုင်ငံအတွက် ဖွံ့ဖြိုးရေး အစီအစဉ်များအပေါ် အခြေခံ ဆောင်ရွက်သွားမည် ဖြစ်ပြီး ထို အစီအစဉ်များတွင် စိုက်ပျိုးရေး၊ ရေအရင်းအမြစ် ကဏ္ဍ၊ လျှပ်စစ်မီး၊ ကျန်းမာရေး၊ ပညာရေး၊ ပြည်သူ့ ဘဏ္ဍာငွေ စီမံ ခန့်ခွဲရေး၊ ဘဏ္ဍာရေးနှင့် ငွေကြေး ဈေးကွက်၊ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အစရှိသည့် အရေးကြီးသော ဖွံ့ဖြိုးရေး ဦးစားပေး ကဏ္ဍများ ပါဝင်မည်ဖြစ်ပါသည်။

သတင်းအချက်အလက်များကို ပိုမိုသိရှိလိုပါက -

*www.worldbank.org/myanmar*.
*www.worldbank.org/myanmareducation*


**ဆက်သွယ်ရန်**
**ရန်ကုန် - ဦးကျော်စိုးလင်း** klynn@worldbank.org +95 9 203 1159; **Meriem Gray** mgray@worldbank.org +959 421128395
**ဝါရှင်တန် ဒီစီ - Carl Hanlon** chanlon@worldbank.org